**အစားအသောက်ထောက်ခံချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁။ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားခြင်းပုံစံကို ဖြည့်စွက်၍ လျှောက်ထားရမည်။

( ခ) ထုတ်လုပ်မည့်အစားအသောက်များ (အမှတ်တံဆိပ်အလိုက်၊ ထုတ်ပိုးပစ္စည်းအလိုက်၊ ထုတ်ပိုးအရွယ်အစားအလိုက်တင်ပြရန်)

( ဂ) ထောက်ခံချက်လျှောက်ထားသည့် အမှတ်တံဆိပ်နှင့် အမှတ်တံဆိပ်မှတ်ပုံတင်မိတ္တူ

(ဃ) အမှတ်တံဆိပ်တွင် Hala အမှတ်အသားပါလျှင် Hala ထောက်ခံချက်တင်ပြရန်

( င) လုပ်ငန်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းစာရင်း(အမည်၊ ပညာအရည်အချင်း၊ တာဝန်)

( စ) လုပ်ငန်းတည်နေရာပြမြေပုံ(Plant Location Map)

(ဆ) အဆောက်အဦ၏ အခန်းဖွဲ့စည်းပုံပြပုံစံ(Layout)

( ဇ) အသုံးပြုသည့် စက်ကိရိယာစာရင်းနှင့် စက်ကိရိယာအလိုက် အသေးစိတ်သတ်မှတ်ချက်များ

(ဈ) အစားအသောက်ထုတ်လုပ်ပုံအဆင့်ဆင့်ရှင်းလင်းဖော်ပြချက်

(ည) အစားအသောက်ထုတ်လုပ်ပုံအဆင့်ဆင့် ဓါတ်ပုံဖြင့်ဖော်ပြချက်

( ဋ) အရည်အသွေးထိန်းသိမ်းမှုဆောင်ရွက်ချက်

( ဌ) အစားအသောက်တွင်ပါဝင်သည့် ပစ္စည်းများနှင့် အသေးစိတ်သတ်မှတ်ချက်များ (Ingredients and its specifications)

( ဍ) အစားအသောက်ကိုင်တွယ်သူ ဝန်ထမ်းများအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ချက်မှတ်တမ်းမိတ္တူနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း စစ်ဆေးချက်မှတ်တမ်း မိတ္တူ